**“Something is Better than Nothing” လို့ဆိုတဲ့**

**Chin Progressive Party (CPP) ပါတီမှ ပြောခွင့်ရပုဂ္ဂိုလ် Dr. No Than Kap နှင့် အင်တာဗျူး**



မြန်မာစစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် Chin Progressive Party (CPP) နှင့် ပတ်သက်၍ ချင်းအမျိုးသားများသိရှိနိုင်ရန် အလို့ငှာ– စီပီပီပါတီ၏ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာနိုထန်ကပ်နှင့် ချင်းဝေါလ် ဆက်သွယ် မေးမြန်းခွင့်ရရှိခဲ့ရာ––––

ချင်းဝေါလ်။ ။စီပီပီပါတီ ဖွဲ့စည်းတည်ထောင်တဲ့နေ့ကို သိပါရစေ။

စီပီပီ။ ။မတ်လ (၂၄) ရက်၊ ၂၀၁၀ ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။

ချင်းဝေါလ်။ ။ပါတီရဲ့ ဥက္ကဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အကြောင်းကို ပြောပြပေးနိုင်မလား။

စီပီပီ။ ။ယာယီအနေနဲ့ပဲ ဗဟိုအလုပ်အမှုဆောင်ကို ဖွဲ့စည်းထားခြင်းပဲဖြစ်သေးတဲ့အတွက် ပြောပြဖို့ရန် အချိန် စောသေး တယ်လို့ မြင်ပါတယ်။

ချင်းဝေါလ်။ ။ပါတီအနေနဲ့ စည်းရုံးရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နေပြီလား။

စီပီပီ။ ။ပုဂ္ဂလအနေနဲ့ ပြောကြားတိုင်ပင်ထားတာလောက်ပဲ ရှိပါသေးတယ်။

ချင်းဝေါလ်။ ။စီပီပီပါတီကိုယ်စားပြုမယ့် အမတ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပြီးပြီလား။ ဘယ်သူတွေများ ပါလဲ။

စီပီပီ။ ။အချိန်စောပါသေးတယ်။ ကျနော်တို့ မရွေးချယ်ရသေးပါဘူး။

ချင်းဝေါလ်။ ။ဒေါက်တာနိုထန်ကပ်ကိုယ်တိုင်ကော အမတ်အနေနဲ့ ဝင်အရွေးခံဖို့ အစီအစဉ်ရှိပါသလား။ဘယ်မြို့နယ် မှာ ဝင်ရွေးမလဲ။

စီပီပီ။ ။ဒီမေးခွန်းကိုလည်း ဖြေကြားဖို့ရန် အချိန်စောပါသေးတယ်လို့ ပြောပါရစေ။

www.chinworld.info

ချင်းဝေါလ်။ ။စီပီပီအနေဖြင့် ချင်းပြည်နယ်ကို ဦးဆောင်ခွင့်ရမယ်ဆိုရင်– ပညာရေးကဏ္ဍနဲ့ပတ်သက်လို့ ဘာတွေ လုပ်ပေးမလဲ။

စီပီပီ။ ။စီပီပီအနိုင်ရပြီး ချင်းပြည်နယ်ကို ဦးဆောင်ကာ အလုပ်လုပ်ခွင့်ရခဲ့လျှင်တောင်မှ– ပညာရေးကဏ္ဍကို ကျနော်တို့ စိတ်ကြိုက်လုပ်ခွင့်ရှိပါ့မလား?။ အကယ်၍ရခဲ့လျှင် (၁၀) တန်းအထိကိုတော့ အခမဲ့ပညာရေး စနစ်ကို လုံးဝလုပ် ပေးမှာ ဖြစ်ပါတယ်။

ချင်းဝေါလ်။ ။ကျန်းမာရေးနဲ့စီးပွားရေးဆိုင်ရာနဲ့ စပ်လျဥ်းပြီး စီပီပီရဲ့ မူဝါဒကို သိပါရစေ။

စီပီပီ။ ။ကျန်းမာရေးနဲ့ပတ်သက်လို့ မြို့နယ်ခွဲတွေရဲ့ ဆေးခန်း/ဆေးပေးခန်းတွေမှာ အနည်းဆုံး ဆရာဝန် နှစ်ဦး၊ သုံးဦး ထားဖို့စဥ်းစာထားပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့ မော်တော်ကားလမ်းတွေကို အထူး ဦးစားပေးပြီး ပြုလုပ်ဖို့ ရည်ရွယ်ပါတယ်။ ကျေးရွာငယ်လေးတွေတိုင်အောင် ကားလမ်းပေါက်နိုင်အောင် ပြုလုပ်ဖို့ရည်ရွယ်ပါတယ်။ ဒ့ါအပြင် အိန္ဒိယနဲ့နယ်စပ်ကုန်သွယ်ရေးပြုလုပ်နိုင်ဖို့ နည်းလမ်းတွေ ရှာဖို့ အစီအစဥ်ရှိပါတယ်။ ဒ့ါအပြင် မျက်မှောက်ခေတ်ရဲ့ အဓိကလိုအပ်ချက်ကြီးဖြစ်တဲ့ လျှပ်စစ် ဓါတ်အားရရှိ နိုင်ဖို့ကိုလည်း ကျနော်တို့ စဥ်းစားပြင်ဆင်ပြီးဖြစ်ပါတယ်။

ချင်းဝေါလ်။ ။၂၀၁၀ ရွေးကောက်ပွဲမှာ– စီပီပီနဲ့ပတ်သက်လို့ ဘယ်လောက်အထိ ယုံကြည်မှုရှိပါသလဲ။ အနိုင်ရရှိမယ် လို့ကော ယုံကြည်မှုရှိပါသလား။

စီပီပီ။ ။ချင်းပြည်နယ်ရဲ့ မြို့နယ် (၉) မြို့နယ်ထဲမှာ– (၈) မြို့နယ်မှာတော့ ကျနော်တို့အားကောင်းမယ်လို့ ယုံကြည်တယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ ဖြစ်ရင် ကျနော်တို့ လုံးဝ အားကောင်းမှာပါ။

ချင်းဝေါလ်။ ။၂၀၀၈အခြေခံဥပဒေကနေ ချင်းလူမျိုးနဲ့ချင်းပြည်နယ်အတွက် ဘယ်လောက်နဲ့ဘာတွေလုပ်နိုင်တယ်လို့ မြင်ပါသလဲ။

စီပီပီ။ ။ဗဟိုကနေ ချင်းလူမျိုးအတွက် ငွေကြေးသုံးစွဲခွင့် ဘယ်လောက်ပေးမလဲ ဆိုတဲ့အပေါ်မှာ မူတည်ပြီး ချင်းပြည်နယ်အတွက် ဘာလုပ်နိုင်မလဲဆိုတာကို အရင်ကြည့်ပါ့မယ်။ ၂၀၀၈ အခြေခံဥပဒေမှာ ဘယ်လောက်ရမလဲဆိုတဲ့ အချက် မပါတဲ့အတွက်– ကျနော်တို့ရဲ့ ချင်းပြည်နယ်ဝန်ကြီးနဲ့ အမတ်တွေက အတတ်နိုင်ဆုံးကြိုးစားရမှာပေ့ါ။

ချင်းဝေါလ်။ ။ရွေးကောက်မဝင်ဖို့ စဥ်းစားတဲ့သူတွေက– အနှစ် (၂၀) လုံးလုံး မယုံကြည်ရတဲ့ ဒီစစ်အစိုးရကို အခုမှယုံကြည် သလိုနဲ့ ရွေးကောက်ပွဲဝင်ဖို့မသင့်ဘူးလို့ ပြောကြပါတယ်။ အဲဒီအပေါ်မှာ ဘယ်လိုပြော ချင်ပါသလဲ။

စီပီပီ။ ။ကျနော်တို့အနေနဲ့က– ၁၉၉၀ စစ်အစိုးရရဲ့အခြေအနေနဲ့ ယနေ့ ၂၀၁၀ စစ်အစိုးရအခြေအနေ မတူပါ ဘူး။ သူတို့ စိတ်ကြိုက်အကောင်အထည်ဖော်နိုင်တဲ့အနေအထားမှာ ရှိနေတဲ့အတွက် ဒီ ရွေးကောက်ပွဲ ကိုတော့ သူတို့ တရားမျှတစွာနဲ့ ပြုလုပ်မယ်လို့ ယုံကြည်ပါတယ်။ ဒ့ါအပြင် ကျနော်တို့ ချင်းလူမျိုး အတွက် အခွင့်အလမ်းသေးသေးလေးထွက်ပေါ်လာရင်လည်းအကျိုးရှိစွာနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်နိုင်သရွေ့ အသုံးချလုပ်ဖို့ လိုတယ်။ ဒီရွေးကောက်ပွဲမှာလည်း ချင်းလူမျိုးအတွက် တစုံတရာ အကျိုးရှိမယ်လို့ ယုံကြည်တဲ့အတွက် ဝင်ရောက်ယှဥ်ပြိုင်ဖို့ လုပ်ဆောင်နေကြတာဖြစ်ပါတယ်။

www.chinworld.info

ချင်းဝေါ်လ်။ ။စီပီပီနဲ့ ချင်းအမျိုးသားပါတီ(စီအဲန်ပီ) ခြားနားချက်ဘာများရှိလဲ။

စီပီပီ။ ။ကျနော် သူတို့ပါတီအကြောင်းနဲ့ မူဝါဒတွေ သေချာမသိသေးတဲ့အတွက် ကျနော်တို့နဲ့ ဘာခြားနားလဲ ဆိုတာ အခုမှာတော့ မပြောနိုင်သေးပါဘူး။

ချင်းဝေါ်လ်။ ။ဦးနေဝင်းခေတ်ကာလ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ရုပ်သေးရုပ်နဲ့ရာဘာတံဆိပ်တုံးသာသာပဲ ဆက်ဆံခံရတယ်။ အခုရွေးကောက်ပွဲကိုလည်း ဦးနေဝင်းခေတ်ကာလတုန်းကလိုမျိုး ဖြစ်မှာပဲလို့ ပြောနေကြပါတယ်။ အဲဒီ အပေါ်မှာ သဘောတူပါသလား။ ဘာပြောချင်ပါသလဲ။

စီပီပီ။ ။ပြောင်းလဲနေတဲ့ကမ္ဘာကြီးမှာ ကျနော်တို့နေထိုင်နေတာ ဖြစ်ပါတယ်။ ကျနော်တို့တိုင်းပြည်ကြီးကလည်း နဂိုအတိုင်း ပဲ ဆက်လက်ဖြစ်နေမှာပဲလို့ ပြောလို့မရပါဘူး။

ချင်းဝေါ်လ်။ ။မဆလခေတ်မှာ– အမတ်များဟာ သူတို့ရင်ထဲမှာရှိတဲ့အတိုင်း ပြောနိုင်တယ်ဆိုတဲ့ သက်သေ တခုမှ မရှိခဲ့ပါဘူး။ ဒ့ါအပြင် အမျိုးသားညီလာခံမှာလည်း ပါဝင်တဲ့နိုင်ငံရေးအဖွဲ့တွေရဲ့ တင်သွင်းလွှာတွေဟာ လည်း ဘာမှဂရုစိုက်ခြင်း မခံပါဘူး။ ဒီလိုမျိုးဖြစ်တဲ့အပြင်– စစ်တပ်နဲ့စစ်တပ်ရဲ့ နိုင်ငံရေးပါတီတွေ ကြီးစိုး ချယ်လှယ်နေမယ့် ပါလီမန်မှာ– ပြောင်းလဲမှုဆိုတာမျိုးကို လုပ်နိုင်မယ်လို့ ခင်ဗျားယုံကြည်ပါသလား။

စီပီပီ။ ။အင်္ဂလိပ်စကားတခုရှိပါတယ်။ “*လုံးဝမရှိတာထက်စာရင် တစုံတခုရှိတာက ပိုကောင်းပါတယ်*” ဆိုသလို– လူထု ကိုယ်စားလှယ် (၇၅) ရာခိုင်နှုန်းရှိရင်လည်း လုပ်ကိုင်နိုင်မှုတွေ ရှိလာမယ်လို့ ယုံကြည်ပါတယ်။

ချင်းဝေါ်လ်။ ။နာဂစ်လူထုဆန္ဒခံယူပွဲမှာ– မဲပေးသူအတော်များများက သူတို့မသိပဲနဲ့ သူတို့မဲတွေပေးနှင့်နေတာမျိုးတွေ အများကြီးရှိခဲ့တယ်လို့ သိရတယ်။ အခုရွေးကောက်ပွဲမှာကော– အဲဒီလိုမျိုး စစ်အစိုးရက ထပ်လုပ်မလား။ ဘယ်လိုထင်မြင် ပါသလဲ။

စီပီပီ။ ။၂၀၀၈ အခြေအနေနဲ့ အခုရွေးကောက်ပွဲအခြေအနေ တူညီတယ်လို့ ကျနော်မထင်ပါဘူး။

ချင်းဝေါ်လ်။ ။ချင်းပြည်နယ်တွင်းတခုပဲမဟုတ်ပဲ– ချင်းအမျိုးသားများအများစုရှိတဲ့ ကလေးမြို့နယ်နဲ့ တမူးမြို့နယ် တို့မှာလည်း အမတ်ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်မယ်လို့သိရပါတယ်။ စီပီပီပါတီရဲ့ ဘဏ္ဍာရေးရပ်တည်မှု အတွက် ဘယ်လိုရှာဖွေဖို့ ပြင်ဆင်ထားပါသလဲ။

စီပီပီ။ ။ချင်းပြည်တိုးတက်ရေးကို အလိုရှိတဲ့ လူထုဆီကနေ ဘဏ္ဍာငွေရှာဖွေသွားမှာဖြစ်ပါတယ်။

ချင်းဝေါ်လ်။ ။ချင်းအမျိုးသားတပ်ဦး (စီအဲန်အက်ဖ်) ရဲ့ ခေါင်းဆောင်တဦး ဖြစ်ခဲ့တယ်လို့ သိရတယ်။ စီအဲန်အက်ဖ် ခေါင်းဆောင် တယောက်ဖြစ်ခဲ့စဉ် လုပ်ဆောင်ခဲ့မှုတွေမှာ– စိတ်မကောင်းဖြစ်မှုနဲ့ အမှားအယွင်းလုပ်ခဲ့မှုတွေရှိခဲ့ပါသလား။ အဲဒါ တွေနဲ့ ပတ်သက်လို့ လူထုဆီကို ဘာပြောချင်ပါသလဲ။

စီပီပီ။ ။စီအဲန်အက်ဖ်ခေါင်းဆောင်မှုကနေ ကျနော် ဟင်းရည်ခါးခါးသောက်မိတယ်။ ဒါပေမယ့်လည်း– အဲဒီ ဟင်းခါးရည်ကို ရှေ့လျောက် လူထုအတွက်အလုပ်လုပ်ဖို့ရန်အတွက် အများကြီးအထောက်အကူပြုလိမ့်မယ်လို့ သေချာပေါက် ယုံကြည်တယ်လို့ပဲ ကျနော်ပြောပါရစေ။

Chinworld Team
April 23, 2010

www.chinworld.info